တံခွန်တိုင် စာအုပ်တိုက်

# ညွှန်းထားလား

ဓေးတာဂျာသိုလ်

## လျှပ်နွယ်ကဲ့သို့ ပြိုးပြက်သော

GRAPHIC DESIGN
THEIN SHWE KYI

ယောက်ျားတစ်ယောက်က
အဲ့ဒီလောက် စနစ်တကျအကွက်ချပြီး
သူမကို အပိုင်သိမ်းပိုက်ဖို့
ကျားကွက်ရွှေ့သလို
ကစားခဲ့သလား

## အပိုင်း (၁)

## အခန်း . . .၁

ဘဝမှာ တစ်ချိန်လုံး 'အစ်'ဟု ယုံကြည်စိတ်ချထားခဲ့မိသော တစ်စုံတစ်ရာ၏ လှည့်ဖြားခြင်း၊ သစ္စာဖောက်ခြင်းကို ခံစားခဲ့ဖူးပါသလား။ 'အစစ်'ဟု ထင်ထားသော အရာတစ်ခုသည် မထင်မှတ်ဘဲ 'အတု'ဟု သိခွင့်ရလိုက်သည့်အခါ 'မိတ်ဆွေစစ်'ဟု ယုံကြည်ကိုးစားထားခဲ့မိသော လူတစ်ယောက် သည် ရုတ်တရက် မျက်နှာဖုံးကို ခွာချလိုက်သောအခါ သူ့ရဲ့ ပကတိကောက်ကျစ်ရက်စက်တတ်သော လှည့်စားမှုကိုမြင်လိုက်ရသောအခါ သင် ဘယ်လိုတုန့်ပြန်ချင်ပါသလဲ။

သူမကတော့ ခုအချိန်မှာ ရှိရှိသမျှ အားအင်တွေကိုစုစည်းကာ သူသေကိုယ်ကြေ သွားတိုက် ခိုက်ပစ်လိုက်ချင်စိတ်တွေသာ ရင်ထဲမှာ မွှေနှောက်ရုန်းလျှံနေခဲ့သည်။ ဒါမှမဟုတ်လည်း အမေရိကား မှာလိုသာ အလွယ်တကူဝယ်နိုင်မည်ဆိုလျှင် သေနတ်တစ်လက် ချက်ချင်းသွားဝယ်မည်။

ပြီးလျှင် ကျည်အဖြည့်ထည့်ပြီး သူ့ကိုယ်ခန္ဓာအနှံ့အပြားဆီ တရစပ်ပစ်လိုက်ချင်သည်။ ခုတော့ အဲဒါတွေ ဘာတစ်ခုမှ မလုပ်နိုင်တိုင်း သူမ

အံတင်းတင်းဖိကြိတ်ထားခဲ့မိသည်မှာ ပါးစောင်အတွင်းသား တွေဆီက သွေးတွေထွက်လာတဲ့အထိ။

သူမတို့၏ ထမင်းဝိုင်းကလေးက ခါတိုင်းဆိုလျှင် စည်စည်ကားကား ရယ်မောပျော်ရွှင်နေကျ ဖြစ်သည်။ ဒီနေ့တော့ ရုပ်အဆိုးဆုံး စိတ်ပျက်နာကျင်ဖွယ်အကောင်းဆုံး သတင်းတစ်ခုကို သူမ သိပ် ချစ်သောဖေဖေက သယ်ဆောင်လာခဲ့ခြင်းဖြစ်သည်။

သူမတို့ လုံးဝမျှော်လင့်မထားခဲ့သော သတင်းတစ်ခုပါ။

'သမီးကြီး.. ဖေဖေ ပြောစရာရှိတယ်'

ဟု ဖေဖေက သူမကိုတိုင်တည်ပြီး ပြောလိုက်ခြင်းဖြစ်သည်မို့ သူမ နည်းနည်းတော့ အံ့အား သင့်မိသည်။ အဲဒီ မတိုင်ခင်က မောင်လေးကို သူမ နောက်ပြောင်ကျီစယ်နေခဲ့တာပါ။ စားပွဲခုံအောက် ကနေ သူ့ညို့သကျည်းကို ခြေထောက်နှင့်လှမ်းကန်ပြီး မောင်လေးကို စိတ်မတိုတိုအောင် စ နေကျဖြစ် သည်။

'ဘာများလဲ ဖေဖေ'

သူမက မေမေ့ကို တစ်ချက်လှမ်းကြည့်မိလျှင် မေမေ့မျက်နှာကလေးက တော်တော်ပျက်ယွင်း လျက် ငိုချတော့မလို မှိုင်းညို့လို့ပါလား။ သူမ ရင်ထဲ ထိတ်ခနဲပူသွားမိ၏ ။ မေမေတစ်ခုခုကို ကြိုသိ ထားနှင့်ပုံရသည်။

'ဖေဖေဖြင့် ဘယ်ကစပြီး ပြောရမယ်မှန်းတောင်မသိတော့ပါဘူးကွာ၊ ဒါပေမဲ့ မပြောရင်လည်း မဖြစ်တော့ဘူး။ ဖေဖေ့မှာ ဖိအားတွေသိပ်များနေပြီ။ ဒီပြဿနာကို ဖေဖေရင်ဆိုင်နေခဲ့တာကြာပြီ သမီး ကြီး၊ သမီးတို့ကို ဖွင့်မပြောရက်လို့သာ တစ်ယောက်တည်းကြိတ်ပြီး ခံနေတာ၊ ခုနေ ဖေဖေသာ တစ်ခုခုဖြစ်သွားခဲ့ရင် သမီးတို့အားလုံး ဘုမသိဘမသိနဲ့ လည်စင်းခံလိုက်ရမှာ၊ တကယ်တော့ ဖေဖေ့ အမှားပါကွာ၊ ဖေဖေ ထောင်ချောက်ကို ထောင်ချောက်မှန်းမသိခဲ့ဘဲ လွယ်လွယ်ရတဲ့အခွင့်အရေးဆိုပြီး

တည့်တည့်ဝင်တိုးခဲ့တာပါ’

ဖေဖေ့အသံက အက်တွဲတုန်ခိုက်နေသဖြင့် ဘာမှန်းမသိဘဲနှင့်တောင် သူမ ငိုချင်လာမိသည်။ သူမရော မောင်လေးပါ ဖေဖေ့ကိုသာ စူးစူးစိုက်စိုက် ငေးကြည့်နေမိကြသည်။ ဖေဖေ့ပုံစံက ကူကယ်ရာ မဲ့စွာ ထွက်ပေါက်မဲ့နေသော အမူအရာမျိုးမို့ ပိုပြီးသနားဖို့ကောင်းနေပါသည်။

‘ဘာတွေဖြစ်ခဲ့လို့လဲ ဖေဖေရယ်၊ သမီးတို့ကူပြီး ဖြေရှင်းပေးလို့ရရင် ဖြေရှင်းပေးရမှာပေါ့၊ ဒါ မိသားစုအရေးအခင်းပဲဥစ္စာ၊ ဘာပြဿနာလဲ ဖေဖေ’

မေမေက သက်ပြင်းကျိတ်ချကာ မျက်နှာခပ်လွှဲလွှဲထားပြီး မျက်ရည်သုတ်လိုက်တာကို သူမ ရိပ်ခနဲမြင်ရပါသည်။

ဖေဖေက နာကျင်စိုးရွံ့မှုဖြင့် နီရဲနေသောမျက်ဝန်းများဖြင့် သူမကို လှမ်းကြည့်လိုက်သည်။ ထိုမျက်ဝန်းတွေထဲမှာ သူ့အမှာတွေကြောင့်ပါဟု ဝန်ခံတိုးလျှိုးမှုတွေ ပြီးတော့ မဝံ့မရဲမျှော်လင့်အသနား ခံခြင်းတွေပါ ပါဝင်နေသဖြင့် သူမရင်ထဲ ကျဉ်ရှသွားပါသည်။ ထိုအကြည့်မျိုး၊ မျက်ဝန်းမျိုး သူမ ဖေဖေ့ ဆီမှာ ဘယ်တုန်းကမှ မတွေ့ဖူးခဲ့။

‘ဖေဖေ့မှာ အကြွေးတွေ တင်နေတယ် သမီးကြီး’

‘ဘယ်လောက်တောင်မို့လဲ ဖေဖေ၊ ဘယ်သူ့ဆီမှာ တင်နေတာလဲ’

‘သိန်းသုံးထောင်ကျော်တယ် သမီး၊ မောင်သက္ကဆီမှာ’

ကိုသက္က။ ဖေဖေနှင့်စီးပွားဖော်စီးပွားဖက်။ ဖေဖေ လိုသမျှငွေတွေ ထုတ်ချေးပေးခဲ့သော စီးပွား ရေးလုပ်ငန်းရှင်တစ်ယောက်၊ အိမ်ကိုလည်း အမြဲဝင်ထွက်သွားလာနေကာ ဖေဖေနှင့်အလွန်အလွှမ်း သင့်လွန်းသော သူဌေးတစ်ယောက်မှန်း သူမ သိပြီးသားဖြစ်သည်။

ဖေဖေ့ကို ဆောက်လုပ်ရေးလောကထဲ ဆွဲခေါ်ပေးလာခဲ့သူဟာလည်း

ကိုသက္ကပါပဲ။ သူမ သိ ထားသလောက် ကိုသက္က၏ စီးပွားရေးတွေက မနည်းမနောပါ။ အိမ်ခြံမြေဆောက်လုပ်ရေးတွေလုပ် သလို ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းတွေလည်း လုပ်သည်။

သူပိုင်ဆိုင်သောမြေကွက်တွေက မြန်မာပြည်အနှံ့အပြားမှာ ရှိသည်။ ရန်ကုန်မှာ၊ မန္တလေးမှာ နေပြည်တော်မှာ ပုဂံပြင်ဦးလွင်ဘက်မှာ အများအပြား။

အသက်ကဖြင့် သုံးဆယ့်ငါးနှစ်ယောက်သာရှိသေးသည်။ ဖေဖေကတော့ သူ့ကိုအလွန်အထင် ကြီးကာ အလွန်ပလဲနံပသင့်လွန်းလှသည်။ ကိုသက္ကကို အိမ်မှာဖိတ်ပြီး ထမင်းကျွေးရတာ နှင့် ဆိုင်မှာ လိုက်ကျွေးရတာ နှင့် ဂေါ့(ဖ်) အတူရိုက်ရတာ နှင့် တပူးတွဲတွဲရှိခဲ့သည်။

အရင်ကဆို သူမတို့စီးပွားရေးက မပြေလည်ခဲ့။ ဖေဖေကိုယ်တိုင် ပွဲစားယောင်ယောင် ဟိုယောင်ယောင်ဖြင့် ပုံမှန်ဝင်ငွေရယ်လို့ မရှိခဲ့။ မေမေက ကျောင်းဆရာမဖြစ်သည်မို့ မေမေ့လစာ ကလေးပေါ်မှာသာ မှီခိုအားထားခဲ့ရခြင်းဖြစ်သည်။

လွန်ခဲ့သော နှစ်နှစ်လောက်ကမှ ဖေဖေနှင့်ကိုသက္က ခင်မင်ရင်းနှီးခဲ့ကြခြင်းဖြစ်သည်။ ကိုသက္က ၏ ဆောက်လုပ်ရေးလုပ်ငန်းတချို့မှာ ဖေဖေပါဝင်ကူညီပေးနေရာကနေ ကိုသက္ကက ဖေဖေ့ကို ကိုယ်ပိုင် ကန်ထရိုက်လုပ်ငန်းကလေးတွေ စတင်လုပ်ကြည့်ဖို့ အရင်းအနှီးတွေ ထုတ်ချေးပေးခဲ့သည်ဟု ဖေဖေ က အမြဲပြောခဲ့သည်။

တိုက်ခန်းတွေဆောက်ကာ အခန်းတွေပြန်ရောင်းသော ကန်ထရိုက်တာအလုပ်ဖြင့် ဖေဖေ့ စီးပွားရေးအဆင်ပြေအောင်မြင်ခဲ့သည်ဟု သူမတို့မိသားစုက ထင်ခဲ့သည်။

လွန်ခဲ့သောတစ်နှစ်ကမှ ဒီဆိတ်ငြိမ်ရပ်ကွက်ထဲမှ ခြံဝန်းနှင့်နှစ်ထပ်တိုက်ကလေးဆီ သူမတို့ ပြောင်းရွှေ့နေခဲ့ကြခြင်းဖြစ်သည်။

မေမေလည်း အလုပ်ထွက်လိုက်ပြီး အိမ်ကိစ္စ၊ ခြံထဲမှာ ပန်းမျိုးစုံ စိုက် ရင်းဖြင့်သာ အေးအေးလူလူရှိခဲ့သည်။

သူမရော မောင်လေးပါ တက္ကသိုလ်ကို မပူမပင် မကြောင့်မကြ တက်နိုင်ခဲ့သည်။ ဖေဖေက သူမ စီးဖို့ကားလေးတစ်စင်းတောင် ဝယ်ထားပေးနိုင်ခဲ့သည်မို့ ဖေဖေ့မှာ ဒီလောက်များပြားသော အကြွေးတွေ တင်နေခဲ့လိမ့်မည်ဟု ဘယ်သူထင်ခဲ့မှာတဲ့လဲ။

'သူတို့ဆီမှာ အဲဒီ လောက် အကြွေးတွေတင်ရလောက်အောင် ဖေဖေ့လုပ်ငန်းတွေကရော ဖေဖေ'

'လုပ်ငန်းတွေက ထင်ထားသလောက် မအောင်မြင်ခဲ့ဘူး။ သမီးကြီး လူလိမ်ခံရတာ တွေ၊ အမှုဖြစ်လို့ ဆောက်လက်စတန်းလန်းနဲ့ ရပ်ထားလိုက်ရတာ တွေနဲ့ ဆက်ပြီးမလည်ပတ်နိုင်တော့ဘူး။ အဲဒီ မှာ အကြွေးတွေဝိုင်းလာတော့တာပဲ။ ငွေလိုတိုင်း မောင်သက္ကဆီကနေ အလွယ်တကူဆွဲလှည့် သုံး လာခဲ့တာ အခု စာရင်းပြန်ကြည့်တော့ အကြွေးက သိန်းသုံးထောင်တောင် ကျော်နေပြီ'

'ဒါဆိုရင် ဒီခြံနဲ့အိမ်ကိုရောင်းပြီး ပြန်ဆပ်မယ်ဆိုရင်ကော ဖေဖေ၊ သမီးတို့ အရင်ကလိုပဲ တိုက် ခန်းတစ်ခန်း ပြန်ငှားနေလို့ရတာ ပဲ'

ဖေဖေက စိတ်ပျက်လက်ပျက် ခေါင်းခါယမ်း လိုက်သည်။

'အဲဒီ လောက် မလွယ်လို့ပေါ့ သမီး၊ ဒီခြံနဲ့တိုက်ကာ မောင်သက္ကပိုင်တာ၊ အန်ကယ်တို့မိသားစု ပြောင်းနေကြတယ်။ တင့်တင့်တယ်တယ် နေလို့ရအောင်ဆိုလို့ သမီးတို့ကို အကြောင်းစုံရှင်းပြမထား မိဘဲ ဖေဖေတို့ တက်နေခဲ့တာ'

သူမ ရင်ဂကို ခပ်ပြင်းပြင်းဆောင့်ကန်ခံလိုက်ရသလို အောင့်မျက်သွားမိသည်။ မေမေ့ဆီက ဘာစကားသံမှ မကြားရသော်လည်း မျက်နှာကတော့ အကြီးအကျယ် စိတ်ဓာတ်ကျဆင်း အားငယ် နေသောမျက်နှာ။ သူမပင် အကြီးအကျယ်စိတ်ဓာတ်ကျသွားမိပါသည်။

‘ကားကရော’

‘ကားကလည်း သူ့ကားပဲ သမီး။ ဖေဖေတို့မိသားစု အဆင်ပြေပြေစီးနေလို့ရအောင် သူ့ကား တွေထဲက တစ်စင်းပို့ထားပေးခဲ့တာ’

‘ဒါဆို အခု အခြေအနေက သမီးတို့လက်ထဲမှာ အိမ်လည်းမပိုင် ကားလည်းမပိုင်တဲ့အပြင် အကြွေးသိန်းသုံးထောင်ကျော် သူ့ဆီမှာ ပေးဖို့တင်နေတာပေ့ါ၊ သူ့ရည်ရွယ်ချက်က ဘာတဲ့လဲ ဖေဖေ။ သူက ဖေဖေ့ဆီကနေ ဘာပြန်လိုချင်တာတဲ့လဲ ဖေဖေ။ သူက ဖေဖေ့ဆီကနေ ဘာပြန်လိုချင်တာတဲ့လဲ၊ လူတစ်ယောက်က ဖေဖေ့ဆီက ဘာမျှော်လင့်ချက်။ ရည်ရွယ်ချက်မှ မရှိဘဲနဲ့ ဖေဖေ့ကို ဒီလောက် မယုံ နိုင်လောက်အောင် ပုံအောရင်းနှီးမြှုပ်နှံထားမှာ မဟုတ်ဘူး ဖေဖေ’

ဖေဖေက သူမကို ပြောရခက်နေဟန်ဖြင့် ဆွံ့အဝန်လေးစွာ ငေးကြည့်နေခဲ့သည်။

‘သမီးထင်တာ မမှားပါဘူး သမီးကြီး၊ သူ ဖေဖေ့ဆီက ပြန်လိုချင်တာတစ်ခုရှိခဲ့တယ်။ ဖေဖေ လည်း ရိပ်မိခဲ့ဖို့ ကောင်းတယ်သမီးရယ်၊ သူ့ကိုဖေဖေ့အပေါ် အလွန်ကောင်းတဲ့ မိတ်ဆွေစစ်တစ် ယောက်လို့ပဲ စိတ်ချယုံကြည်ထားခဲ့မိတာ၊ သူ ဖေဖေ့ဆီက လိုချင်တာကို ဖွင့်ပြောလိုက်တုန်းကဆို ဖေဖေဖြင့် မယုံနိုင်ခဲ့ဘူး။ ပြောရက်လေခြင်းဆိုပြီး သူ့မျက်ခွက်ကို လက်သီးနဲ့ချည်း စွတ်စွတ်ထိုးချင်နေ ခဲ့တာ၊ အဲဒီ အပေးအယူစကားကို ကြားရမှပဲ သူ့မျက်နှာဖုံးကို ခွာချလိုက်သလို သူ့ရဲ့ ပကတိမျက်နှာကို မြင်လိုက်ရတော့တာ’

သူမ ရင်ထဲသို့ သံသယတစ်ခု အလျှင်အမြန်တိုးဝင်ခဲ့လေသည်။

ရင်ထဲမှာ ပူလောင်စူးရှသော ခံစားချက်တစ်မျိုးဖြင့် ဖေဖေ့ကို မဝံ့မရဲ မေးလိုက်မိသည်။

‘သူ ဘာလိုချင်တာတဲ့လဲ ဖေဖေ..’

ဖေဖေက အံတစ်ချက်ကြိတ်ကာ အကြည့်ကို သူမဆီကနေ လွှဲပစ်လိုက်လျှင် သူမ ရိပ်မိစ ပြုလာသည်။

'သူ လိုချင်တာ သမီးကိုတဲ့..'

'တောက်.. တော်တော်ယုတ်မာတဲ့လူ'

မောင်လေးဆီကနေ ဂျူးဂျူးဝါးဝါး ဒေါသသံထွက်လာသလို မေမေ ရှိုက်သံကို စတင်၍ ကြားရ၏ ။ သူမကတော့ အဲဒီ အချိန်ကစပြီး အံကိုတင်းတင်းကြီးဖိတ်ကြိတ်ထားမိတော့တာ ဖြစ်သည်။

ရင်ထဲမှာ ငလျင်ခပ်ပြင်းပြင်းလှုပ်ခါခံရသလို ဝုန်းဒိုင်းကြဲဖြောင်းဆန်လျက်ရှိသည်။ ရက်တာ ရော.. နာကြည်းတာရော ခံပြင်းတုန်လှုပ်တာရောဖြင့် လူတစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်နေလေ သည်။

ယောကျ်ားတစ်ယောက်က အဲဒီ လောက် စနစ်တကျအကွက်ချပြီး သူမကို အပိုင်သိမ်းပိုက်ဖို့ ကျားကွက်ရွှေ့သလို ကစားခဲ့သတဲ့လား။ ပရိယာယ်ကြွယ်လွန်းလှချည်လား။

သူက စီးပွားရေးသမားပီပီ လှည့်ကွက်တွေသုံးပြီး ရိုး အ ယုံလွယ်လွန်းသော ဖေဖေ့ကို သား ကောင်ကလေးတစ်ကောင်သဖွယ် အလွယ်တကူ လှည့်စားကစားခဲ့သည်ပေ့ါ။

'သမီးကို အကြွေးနဲ့သိမ်းတဲ့ ချစ်တီးခေတ်က အရိုးတောင်ဆွေးနေပြီ ဖေဖေ။ ဒီလူ ရက်စက်လှ ချည်လား၊ ဒီလိုအပေးအယူဆန်ဆန်ကြီး သမီး လက်မခံဘူးဖေဖေ၊ တခြားနည်းလမ်းရှာရအောင်၊ သူ့ အကြွေးတွေ မရရအောင် ပြန်ဆပ်မယ်။ သူ့လို ဘူဇွာမျိုးတော့ ဘယ်တော့မှ မယူဘူးမှတ်'

'သမီး သူ့ကိုလက်ထပ်လိုက်ရင် ဒီအကြွေးတွေအားလုံး သူ လျှော်ပစ်လိုက်နိုင်တယ်တဲ့။ သူက သမီးနဲ့လည်း

နှစ်ယောက်တည်းအေးအေးဆေးဆေးဆုံပြီး ဒီကိစ္စကို ဆွေးနွေးချင်သေးတယ်တဲ့ သမီး ရယ်၊ ဖေဖေတော့ သူ့ကို သတ်ပြီးတော့သာ ထောင်ထဲသွားနေလိုက်ချင်တော့တာပဲ၊ ဒီတစ်လမ်းပဲ ရှိ တယ်'

'စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့ ကိုရယ်၊ အားလုံး ဒုက္ခတွေများကုန်ပါ့မယ်။ တခြားနည်းလမ်း ရှာ ပါဦး'

မေမေ့ထံမှ စိုးရိမ်တကြီးတားမြစ်သံကလေး ထွက်ပေါ်လာသည်။ မောင်မေးက မျက်နှာတစ်ပြင် လုံး နီရဲခက်ထန်လျက် အံတကြိတ်ကြိတ်၊ လက်သီးတဆုပ်ဆုပ်။ ဒီမိသားစုရဲ့ ပျော်ရွှင်ခြင်း၊ ဝမ်းနည်း ကြေကွဲခြင်း၊ နာကျင်ခြင်းတွေအားလုံးဟာ သူမရဲ့ ဆုံးဖြတ်ချက်ပေါ်မှာပဲ မူတည်နေပါလား..ဟု သူမ သိလိုက်ရ၏ ။

'သမီး သူနဲ့ဆုံပြီး စကားပြောကြည့်မယ် ဖေဖေ'

သူမအသံက အေးခဲစွာ ထွက်လာခဲ့ပါသည်။

*

လူတစ်ယောက်အပေါ် မနှစ်မြို့မှု။ နာကျင်ခါးသီးမှုကို မြိုချထားရသဖြင့် သူမ လည်ချောင်း တစ်လျှောက် ပြီးတော့ နှလုံးသားရှိရာ ရင်ခွင်တစ်လျှောက်လုံး ပူပြင်းလောင်မြိုက်လွန်းနေခဲ့သည်။

သူ့မျက်နှာကို သူမ စူးစူးနစ်နစ်အကဲခတ်စိုက်ကြည့်နေခဲ့သည့်တိုင် သူကတော့ အေးအေးဆေး ဆေး၊ သက်တောင့်သက်သာရှိလှသည်။

သူ့ပုံစံက အသားညိုညို။ မျက်လုံးတွေက နက်မှောင်စူးရှသလောက် ရက်စက်ပြတ်သားရိပ် လည်း လွှမ်းကာ တစ်စက်ကလေးမှ နူးညံ့သိမ်မွေ့ရိပ် မလွှမ်းပါ။

နှုတ်ခမ်းနှစ်လွှာက ခပ်တင်းတင်းပါးလျလျ။ ထိုနှုတ်ခမ်းမွှေးတွေက

ရက်စက်တတ်သူတွေမှာ ရှိတတ်သည်။

အရပ်မြင့်မြင့်ခန္ဓာကိုယ်က လေ့ကျင့်ကစားထားသလို ဖွံ့ထွားတောင့်တင်းသည်။ သူ့ပုံစံက အလိုလိုနေရင်း နိုင်ငံခြားကားတွေထဲက မာဖီယာခေါင်းဆောင်ရုပ်ထွက်နေသည်။ သွေးအေးရက်စက် တတ်သော မျက်နှာမျိုး။

သူ့ဘေးမှာ သက်တော်စောင့်လိုလို ဘာလိုလိုနှင့်တပည့်နှစ်ယောက် အမြဲပါတတ်သည်။ ဒီနေ့ တော့ Signature Garden ထဲမှာ ဆုံဖို့ချိန်းထားခဲ့သည်မို့ သူ့တပည့်နှစ်ယောက်က အပြင်မှာ စောင့် ကျန်ရစ်ကာ သူမနှင့်သူ့တပည့်နှစ်ယောက်က အပြင်မှာစောင့်ကျန်ရစ်ကာ သူမနှင့်သူ နှစ်ယောက် တည်း သီးသန့်ဆုံကြခြင်းဖြစ်သည်။

'ပွင့်ပွင့်လင်းလင်းပဲ ပြောရအောင် ကိုသက္က။ ရှင့်မှာ ဒီ့ထက်အောက်တန်းကျတဲ့နည်းလမ်း ရှိ သေးရဲ့လား၊ စိတ်ချယုံကြည်ထားခဲ့ကာ၊ ရှင့်ဟာက သမီးကိုလိုချင်လို့ ဖအေကို ထောင်ချောက်ဆင်တဲ့ နည်းနဲ့ အပိုင်ကြံတာ လူကြီးလူကောင်းတစ်ယောက်ရဲ့ အလုပ်မှ မဟုတ်တာ'

'မိန်းမတစ်ယောက်ကို လိုချင်လို့ ကိုယ်ရအောင်ကြိုးစားခဲ့တဲ့ကိစ္စမှာ လူကြီးလူကောင်းဆန်နေဖို့ လိုလို့လား၊ အဲဒီ အတွက် အန်ကယ့်လ်ကို ချဉ်းကပ်တယ်။ သူလိုချင်တာမှန်သမျှ ကိုယ်မငြိုငြင်ဘဲ ပေးခဲ့ တယ်။ တစ်ချိန်မှာ ကိုယ်လိုချင်တာကို သူ့ဆီက ပြန်တောင်းတာပဲ.. ဒါပဲလေ၊ ကိုယ်ဒါမျိုးပဲ လုပ်တတ် တယ်။ ကိုယ်အချစ်တွေဘာတွေလည်း နားမလည်ဘူး။ ကဗျာတွေဘာတွေလည်း မဆန်တတ်ဘူး။ အေး ကိုယ်လိုချင်တာကိုတော့ ဘယ်လောက်ပဲ ပေးရပေးရ ဈေးကြီးကြီးပေးပြီး ဝယ်တတ်တယ်'

'ရှင်သိထားဖို့က ကျွန်မက ရှင်ဝယ်ချင်တိုင်းဝယ်လို့ရတဲ့ သတ်မှဲပစ္စည်းတစ်ခုမဟုတ်ဘူးရှင့်။ ရှင် ကျွန်မကို ဝယ်လို့မရဘူး။ နားလည်လား၊

ရှင့်လိုလူစားမျိုးကို ကျွန်မတစ်သက်လုံး မယူဘူး။ ရှင့် အကြွေးတွေကို ကျွန်မဖြစ်ဖြစ်တဲ့နည်းနဲ့ ပြန်ဆပ်မယ်’

‘အဲဒါတွေပေါ့၊ မင်းကို ကိုယ်အရမ်းသဘောကျတာ၊ အဲဒီ လို မာနကြီးတာ ဆတ်ဆတ်ကြဲနိုင် တာ၊ ဘယ်သူ့ကိုမှ ဂရုမစိုက်သလို သွေးနားထင်ရောက်နေတတ်တာမျိုးကို ကိုယ်ကြိုက်တာ။ ကိုယ့် ကို အရမ်းလွှမ်းမိုးတဲ့ စာအုပ်တစ်အုပ်ရှိတယ်။ ‘Margaret Mitchell’ ရဲ့ ‘Gone With the Wing’ ထဲက စကားလက်အိုဟာရာလို မိန်းမမျိုး။

ခပ်ထက်ထက်နဲ့ သူဘာမဆိုလုပ်နိုင်တယ်ဆိုတဲ့ မာနခပ်ကြီးကြီး မိန်းမမျိုးပေါ့။ ကိုယ်ကလည်း မိန်းမဆိုရင်နူးနူးညံ့ညံ့ ပျော့ပျောင်းလွန်းတဲ့ သာမန်မိန်းမမျိုးဆိုရင် လုံးဝမကြိုက်ရေးချထဲကပဲ၊ မင်းကို တော့ စစတွေ့ချင်းကတည်းက အရမ်းစွဲလန်းသွားခဲ့တာ။ ဒီမိန်းကလေးကို အရယူမယ်လို့ ဆုံးဖြတ် လိုက်မိတဲ့အထိပဲ၊ ဒါကြောင့်လည်း အန်ကယ့်ကို ဝင်ပူးခဲ့တာပေါ့’

‘တော်ပြီ.... ရှင် ဆက်မပြောနဲ့ ကျွန်မကတော့ ရှင့်ကိုလုံးဝကို စိတ်မဝင်စားတာ၊ ယူလည်း မယူ နိုင်ဘူး။ လုံးဝအဓိပ္ပာယ်မရှိတဲ့ အပေးအယူသက်သက်ပဲ’

‘မယူလို့ကို မရတော့ဘူး။ မင်း သေသေချာချာ စဉ်းစားကြည့်ပါ။ အန်ကယ့်လ်မှာ အကြွေးတွေ ပတ်ချာလည်ဝိုင်းလို့ မင်းမကယ်တင်ရင် သူထောင်ထဲရောက်တော့မှာ၊ မင်းရဲ့ ဆုံးဖြတ်ချက်အပေါ်မှာ အများကြီးမူတည်နေပြီ’

‘ရှင် ကျွန်မကို ခြိမ်းခြောက်နေတာလား ကိုသက္က’

‘မင်း ယူဆချင်သလို ယူဆလို့ရတယ်လေ’

‘ကျွန်မ ရှင့်ကို လုံးဝမယူနိုင်ဘူး’

‘မင်း စိန်ခေါ်နေတာလား၊ စမ်းကြည့်လိုက်လေ၊ မင်း ဒါလေးသုံးဖို့တော့

လိုတယ်နော်၊ မင်းကို ချစ်လို့ အကြံပေးလိုက်မယ်။ ဘယ်တော့မှ မိုက်မိုက်ကန်းကန်း ဆုံးဖြတ်ချက်မချနဲ့၊ အမှားများတတ် တယ်'

သူက နားထင်ကို လက်ညှိုးဖြင့် တဒေါက်ဒေါက်ခေါက်ပြီး အထက်စီးနင်းဟန်ဖြင့်ပြောလျှင် သူမ ပို၍ ခါးသီးမုန်းတီးသွားခဲ့သည်။ ရုပ်ကိုက သူသာလျှင် အမြဲအနိုင်ရ၊ အသာစီးရနေကျဆိုသော ဘဝင်မြင့်ညစ်ကျယ်ကျယ်နိုင်သည့်ရုပ်မျိုး။

သူလုပ်ချင်တာမှန်သမျှ ဘယ်သူ့ကိုမှ ဂရုစိုက်၊ သက်ညှာမှုမရှိဘဲ သွေးအေးအေးနှင့် ဇွတ်လုပ် မည့်ရုပ်မျိုး။ သူမ သူ့ကို မုန်းတီးစွာမျက်စောင်းထိုးပစ်လိုက်မိသည်။ ပြီးတော့ ဆတ်ခနဲ ထကာ ထွက်လာခဲ့၏ ။ ဒီလိုလူမျိုးနှင့် ဆက်ပြီးဆွေးနွေးစရာ ဘာအကြောင်းမှ မရှိတော့။

'ဟေ့… နတ်သက်ကြွေ၊ ကိုယ်တို့ဆွေးနွေးလို့ မပြီးသေးဘူးလေ'

သူ့ရဲ့ ညစ်ကျယ်ကျယ်လေသံကို ကြားရသည်။ သူမ ဂရုမစိုက်တော့။

'လဲသေလိုက်…'

*

ခုအချိန်မှာ
သူမ လုပ်နိုင်တာ တစ်ခုပဲရှိသည်။
ထွက်ပြေးဖို့ အခွင့်မသာခင်မှာ
ကိုယ့်ကိုယ်ကိုယ် စတေးပြီး
ခဏ အမိခံထားလိုက်ဖို့ပဲ ဖြစ်သည်။
ထောင်ချောက်ထဲမှာ ကျနေသောဖေဖေ့ကို
ကယ်တင်နိုင်ဖို့နည်းလမ်းမှာ
ဖေဖေ့ကိုယ်စား ထောင်ချောက်ထဲ
သူမ သက်ဆင်းလိုက်ဖို့ပဲရှိတော့သည်
မဟုတ်လား။

## အပိုင်း (၂)

## အခန်း … ၂

ည ဆယ်နာရီထိုးသည့်တိုင် ဖေဖေ ပြန်ရောက်မလာသေးသောအခါ သူမတို့မိသားစု ဖေဖေ့ကို စိတ်ပူစိုးရိမ်လာခဲ့ပြီ။ မေမေ တစ်ချိန်လုံး ဖုန်းခေါ်နေသည့်တိုင် စက်ပိတ်ထားသည်ဟုချည်းဖြေနေခဲ့ သည်။

ဖေဖေတစ်ခါမှ ဒီလိုနောက်မကျခဲ့ဖူးပါ။ သွားစရာရှိလို့ သူနောက်ကျမည်ဆိုလျှင် အမြဲတမ်း မေမေ့ကို ဖုန်းဆက်အသိပေးတတ်မြဲဖြစ်သည်။ ဖေဖေတစ်ခုခုတော့ ဖြစ်နေပြီဆိုတာ သူမရင်ထဲက တစ်စုံတစ်ရာက အချက်ပေးနေခဲ့သည်။

ကိုသက္ကကို ချက်ချင်းပြေးမြင်၏။ မနေ့က သူမတို့ တွေ့ဆုံပွဲက မလှပခဲ့ဘူးမဟုတ်လား။

'သမီး ကိုသက္ကဖုန်းကို ခေါ်ကြည့်လိုက်တော့မယ် မေမေ၊ ဖေဖေပြန်မလာသေးတာ သူ့ပယောဂ ပဲဖြစ်မှာပဲ'

'မေမေ ဆက်ကြည့်ပြီးပြီ သမီး။ သူ ဖုန်းမကိုင်ဘူး၊ သူ့တပည့်ပဲ ထူးနေတာ၊ ဆရာ မအားဘူး ချည်းပဲ ဖြေနေတယ်'

'သမီး ဆက်ကြည့်မယ် မေမေ'

သူမကတော့ တစ်ခုခုကိုသိနေခဲ့သည်။ ကိုသက္ကဖုန်းကို ခေါ်လိုက်သည်။ မေမေပြောသလို သူ့ တပည့်ပဲ လာကိုင်လျှင်..

'ကျွန်မ နတ်သက်ကြွေပါ၊ ရှင့်ဆရာနဲ့ ပြောချင်တယ်'

ဟု ခပ်တင်းတင်းပြောလိုက်သည်။ မကြာပါ.. သူ့အသံကို ကြားရသည်။

'ပြော နတ်သက်ကြွေ ကိုယ် ဘာလုပ်ပေးရမလဲ'

တွေ့လား။ လေသံကိုက အထက်စီးနင်း။ သူမ နှုတ်ခမ်းတစ်ချက်ကိုက်လိုက်မိကာ...

'ကျွန်မဖေဖေ ဘယ်မှာလဲ၊ ရှင် ဖေဖေ့ကို ဘာလုပ်ထားသလဲ၊ ကျွန်မ ဖေဖေနဲ့ စကားပြောချင် တယ်'

'အန်ကယ့်အတွက် စိတ်မပူပါနဲ့ နတ်သက်ကြွေရယ်၊ မင်းဆီကအဖြေကို စောင့်နေတာပါ။ မင်းဆီက အဖြေရတာ နဲ့ အန်ကယ်လ်ပြန်လာလိမ့်မယ်'

'ဘာအဖြေလဲ၊ ရှင့်ကိုယ်ရှင် ဘာများမှတ်နေသလဲ ကိုသက္က .. ဟမ်၊ ရှင် လုပ်ချင်တိုင်းလုပ်လို့ မရဘူး။ တရားဥပဒေရှိတယ်'

'တရားဥပဒေအတိုင်းသာဆိုရင် မင်းအဖေ ဂျေးလ်ထဲ

အောင်းသွားတာကြာလှပြီပေါ့ နတ်သက် ကြွေ၊ အပိုတွေ လျှောက်ပြောမနေနဲ့။ မင်းဆီက ပြတ်သားတိကျတဲ့ အဖြေတစ်ခု ရှင်းရှင်းလင်းလင်းလို ချင်တယ်။ ဒီမှာ အန်ကယ်လ်နဲ့ကိုယ်ချက်စ်ထိုးနေတာပါ။ ကိုယ် လူဆိုးလည်းမဟုတ်ဘူး။ မင်းထင် သလို အန်ကယ့်ကိုဖမ်းချုပ်ထားတာ မဟုတ်ဘူး၊ ကိုယ် အဲဒီ လောက် မရိုင်းပါဘူးကွာ’

‘တောက်.. ရှင့်ကို ကျွန်မ မုန်းလိုက်တာ’

‘အဲဒီ လို ပွင့်ပွင့်လင်းလင်း ဝန်ခံတာ ကျေးဇူးကွာ၊ ဒါပေမဲ့ ကိုယ်မင်းဆီက လိုချင်နေတဲ့အဖြေက ဒါ မဟုတ်ဘူး’

ကိုယ့်ကို မင်းလက်ထပ်ပေါ့မယ်ဆိုတဲ့ ကတိနော်.. ရှင်းလား’

သူမ အာခေါင်ခြစ်ကာ အော်ပစ်လိုက်ပြီး ဖုန်းကို ပိတ်ပစ်လိုက်သည်။ အမုန်းလှိုင်းတွေက နှလုံး သားကို တဝုန်းဝုန်းရိုက်ပုတ်လျက်ရှိသည်။ တစ်ကိုယ်လုံး အလျှံငြီးငြီး တောက်လောင်ပြာကျသွား မတတ် ဒေါသတွေဖြင့် နင့်သီးကာ တုန်ယင်နေသောသူမကို မေမေက ကရုဏာကြီးစွာဖြင့် ဆွဲယူပွေ့ ဖက်ထားခဲ့သည်။

မေမေ့ရင်ခွင်ထဲမှာ ကလေးလေးတစ်ယောက်လို ဒေါသတကြီး ဆို့ဆို့နင့်နင့် အသံထွက်ကာ ရှိုက်ရှိုက် ငိုချစ်ပစ်လိုက်မိသည်။

‘ကျွန်တော် ဖေဖေ့ကို သွားရှာမယ် မကြီး၊ မကြီး အဲဒီ လို ငိုမနေနဲ့၊ ကျွန်တော် လူသတ်မိလိမ့် မယ်ဗျ’

မောင်လေးက မျက်ရည်များ ပြည့်ဝိုင်းနေသော မျက်နှာနီနီမြန်းမြန်းဖြင့် ဒေါသတကြီးပေါက်ကွဲ စွာ အော်ဟစ်လေသည်။

‘သားလေး...၊ မလုပ်နဲ့ သား စိတ်လိုက်မာန်ပါတွေ လျှောက်မလုပ်ပါနဲ့သားရယ်၊ ညစ်တတ်တဲ့ လူ၊ ရက်စက်တတ်တဲ့လူ၊ ကောက်ကျစ်တတ်တဲ့လူက သူ့နည်းနဲ့သူ အစွမ်းကုန်ညစ်မှာပဲ၊ ရက်စက်မှာ ပဲ။

ကောက်ကျစ်မှာပဲ။ အခု အခြေအနေက သူကအသာစီးရထားတဲ့ အခြေအနေလေ။ မေမေတို့က ရှုံး နိမ့်နေတဲ့လူ၊ အဲဒီ အခြေအနေကို လိမ်လိမ်မာမာ ပညာသားပါပါနဲ့ ဘယ်လိုရင်ဆိုင်ဖြေရှင်းကြမဲဆိုတာ ကိုပဲ စဉ်းစားရအောင် သားလေးရယ်၊ မေမေ့ကို တစ်ပူပေါ်နှစ်ပူဆင့်ရအောင် မလုပ်ပါနဲ့။ အဲဒါ သူ့ အကျင့်စရိုက်ပဲ၊ သူ့စရိုက်ကို ကိုယ်က ပြောင်းလဲပစ်လို့ မရဘူး။ ကိုယ် ဘယ်လိုကိုင်တွယ် ဖြေရှင်းမလဲ ဆိုတာပဲ အရေးကြီးတယ်’

မေမေပြောတော့ သူမရော မောင်လေးပါ ဆူပေနေသော ဒေါသတွေ အနည်းငယ်ပြေလျော့ သွားခဲ့သည်။ သူမ စဉ်းစားကြည့်သည်။ အဓိက သားကောင်က သူမပဲ ဖြစ်သည်။ မုဆိုးက ကိုသက္က။ အဓိကသားကောင်က သူမပဲဖြစ်သည်။

မုဆိုးက ကိုသက္က။ ဖေဖေက ကြားခံ ဓားစာခံ ဖြစ်နေသည်။ သူမဘဝတစ်ခုလုံးကို သူ့လက်ထဲ သို့ အကြွေးဆပ်သလို ထိုးဆပ်လိုက်ရလျှင် သူမ၏ တန်ဖိုး.. ဂုဏ်သိက္ခာ.. မာန အဲဒါတွေ အားလုံး ရ စရာမရှိအောင် တန်ဖိုးမဲ့သွားတော့မည်။

သို့သော်.. ဖေဖေလွတ်မြောက်သွားမည်။ သူမ၏ အမုန်းတွေ နာကြည်းခံပြင်းစိတ်တွေ လက်စားချေတုန့်ပြန်တိုက်ခိုက်လိုစိတ်တွေကို သူမကလွဲပြီး ဘယ်သူမှမသိအောင် ကြိတ်မှိတ်မြိုချထား လိုက်လျှင် မေမေရော ဖေဖေပါ စိတ်ဆင်းရဲစရာ မလိုတော့။

မောင်လေးရဲ့ နာကြည်းဒေါသတွေ တစ်စစ လျော့ပါးပြယ်လွင့်သွားလိမ့်မည်။ အခုအချိန်မှာ သူမ လုပ်နိုင်တာ တစ်ခုပဲရှိသည်။

ထွက်ပြေးဖို့ အခွင့်မသာခင်မှာ ကိုယ့်ကိုယ်ကိုယ် စတေးပြီး ခဏအမိခံထားလိုက်ဖို့ပဲဖြစ်သည်။ ထောင်ချောက်ထဲမှာကျနေသော ဖေဖေ့ကို ကယ်တင်နိုင်ဖို့နည်းလမ်းမှာ ဖေဖေ့ကိုယ်စား ထောင် ချောက်ထဲ

သူမသက်ဆင်းလိုက်ဖို့ပဲ ရှိတော့သည် မဟုတ်လား။

ပထမဆုံး မေမေ့ရင်ခွင်ထဲကနေ သူမ ရုန်းထွက်လိုက်သည်။ ပြီးတော့ မျက်ရည်တွေကို ခပ် ကြမ်းကြမ်းသုတ်သည်။ ဖုန်းကိုယူပြီး အပေါ်ထပ်ဝရန်တာဆီသို့ ထွက်လာခဲ့သည်။ ညက မအေးမြပါ။ လေပြေညှင်းလေးပင် တိုက်ခတ်ဖော်မရ။ အမှောင်ထဲသို့ ခဏကြာအောင် သူမ တွေဝေစိုက်ငေးကြည့် နေမိသေးသည်။

ဝရန်တာရှေ့မှာ အုံ့အုံ့ဆိုင်းဆိုင်း ခက်လက်ဖြာဝေသည့် သရက်ပင်ကြီးတစ်ပင်ရှိသည်။ သရက် သီးကင်းလေးတွေ ပွတ်သိပ်နေတာကို သူမ ငေးကြည့်နေရင်း ကိုသက္ကဖုန်းကို ခေါ်လိုက်လေသည်။

'ပြော.. နတ်သက်ကြွေ၊ ဆုံးဖြတ်တာ မြန်လှချည်လား'

'ကျွန်မဘက်က တောင်းဆိုစရာတွေရှိတယ်။ အဲဒါတွေကို ရှင်လိုက်လျောပေးပါ'

'ဘာများလဲ'

'ဒီနှစ် တက္ကသိုလ်နောက်ဆုံးနှစ်တစ်နှစ်တော့ ကျွန်မ လွတ်လွတ်လပ်လပ် အေးအေးဆေးဆေး တက်ပါရစေ၊ ကျောင်းပြီးသွားရင် ရှင့်သဘောပဲ၊ ကျွန်မကို အဲဒီ တစ်နှစ်တော့ လွတ်လပ်ခွင့်အပြည့် ပေးပါ၊ ဘာအနှောင့်အယှက်မှ မပေးပါနဲ့'

သူမအသံက အေးစက်ခက်မာလျက်ရှိသည်။

'ကိုယ်နဲ့လက်ထပ်ပြီးမှ မင်းကျောင်းဆက်တက်လို့ရတာ ပဲကွ၊ မင်း ကိုယ့်ကို လူလည်ကျလည့် စား မသွားပါဘူးလို့ ဘယ်လိုအာမခံမလဲ'

သူမက ဟက်ခနဲ တစ်ချက်ရယ်ပစ်လိုက်သည်။

'ရှင် အဲဒီ လောက်တော့ အပိုင်ချုပ်ဖို့ စိတ်မကူးနဲ့လေ၊ ကျွန်မ အပျိုစင်ဘဝနဲ့ပဲ တက္ကသိုလ် နောက်ဆုံးနှစ်ကို ဖြတ်သန်းချင်တယ်။ အဲဒီ

တစ်နှစ်လေးတောင် မစောင့်နိုင်ရင်လည်း ရှင် သေလို့ရ တယ်’

‘အပြောကတော့ မိုက်ခဲပဲ၊ ကြွေတယ်ကွာ၊ ကဲပါ ဒီလောက်တော့ ကိုယ်လိုက်လျှောပေးရမှာ ပေါ့လေ၊ ဒါပေမဲ့ ကိုယ်ကြိုပြောထားမယ်နော်၊ ကိုယ့်ကိုတော့ လှည့်စားမယ် မကြံနဲ့၊ မင်းတို့နှစ်ယောက် လုံး ပြာကျသွားမယ်။ ရေမြေဆုံးအထိ လိုက်ပြီး ကိုယ်က သတ်မှာ ကြားလား’

‘ရှင် ဘယ်သူ့ကိုပြောတာလဲ၊ မင်းတို့နှစ်ယောက်လုံးဆိုတာ’

‘မင်းရဲ့ ချစ်သူဖြစ်လာမယ့်ကောင်ကိုပြောတာ…’

သူမ ပခုံးတစ်ချက်တွန့်ကာ မဲ့ပြုံးကလေးပြုံးလိုက်မိသည်။ သူ့ကို လျှော့မတွက်ရဲတော့။ သူက ရှေ့ကို နှစ်လှမ်းလောက် ကြိုမြင်တတ်သူပါလား။

‘ကဲ.. မင်းရဲ့အသံလေးနဲ့ အဖြေကို ပီပီပြင်ပြင်ကြားချင်တယ်ကွာ.. ပြောစမ်းပါ’

‘ဖေဖေ့ကို နာရီဝက်အတွင်း အိမ်ပြန်ပို့ပေးပါ’

‘မင်းဆီက ကိုယ့်ကို လက်ထက်ပါ့မယ်ဆိုတဲ့ကတိစ ကိုယ်စောင့်နေတယ်.. ဖြေလေကွာ’

သူမမျက်လုံးတွေကို ခပ်တင်းတင်းဖိမှိတ်ပစ်လိုက်ကာ မှောင်အတိကျသွားတော့မှ တစ်လုံးချင်း ခါးသက်စွာ ပြောလိုက်သည်။

‘ရှင့်ကို ကျွန်မ လက်ထပ်ပါ့မယ်..’

ထိုညက အမှောင်ဆုံး ဖြစ်လေသည်။

*

ကျောင်းတက်ရတာ ဒီနေ့ စိတ်အလေဆုံးပဲဖြစ်သည်။ စိတ်ပါလက်ပါမရှိ။ စိတ်တွေက လေလွင့် နေသော တိမ်တိုက်တွေလိုပင်

လွင့်ချင်တိုင်းလွင့်နေခဲ့သည်။ တစ်ချက်တစ်ချက် ဒေါသထွက်လာလျှင် ဘာကိုရန်ရှာရမည်မှန်းမသိ။

ရင်ဘတ်ထဲမှာ တင်းကြပ်နေတာကို ဘယ်လိုများ ဖြေလျှော့ပစ်ရမှာပါလိမ့်။ သူများတွေများ တော့ ပူပင်ကင်းစွာရယ်မောပျော်ရွှင်နေလိုက်တာ။ သူမအတွက်ကျတော့ ဘဂက ခါးသက်လွန်းလိုက် တာ။ ကိုသက္ကကို လက်ထပ်မယ်ဟု ကတိပေးလိုက်ပြီး မကြာခင်မှာပဲ ဖေဖေ့ကို ကိုသက္ကကိုယ်တိုင် အိမ်အထိပြန်လာပို့ပေးခဲ့သည်။

ဖေဖေ့မျက်နှာပေါ်မှာ မနိုင်၍ သည်းခံနေရသော နာကြည်းဒေါသများနှင့် မခံချိမခံသာဖြစ်နေ သော ခံစားမှုတွေ အပြည့်အသိပ်။ အဲဒီ ညမှာပဲ မိသားစုဆွေးနွေးပွဲကလေး လုပ်ဖြစ်ခဲ့သည်။

'သမီး သူ့ကို လက်ထပ်လိုက်ရင် အားလုံးပြေလည်သွားမယ်မှလား ဖေဖေ၊ သမီး သူ့ကို လက်ထပ်လိုက်ဖို့ပဲ ရှိတော့တာပေါ့'

'ဖေဖေ သဘောမတူဘူးကွာ၊ ငါ့သမီးကြီးကို အကြွေးဆပ်သလို ထိုးအပ်လိုက်ရမှာကို ဖေဖေ့ ရင်ထဲ မခံစားနိုင်ဘူး။ ဖေဖေ အသုံးမကျလို့ဖြစ်ရတာ ၊ ဖေဖေ ဒီကောင့်အကြောင်းသိတယ်။ အင်မတန် သွေးအေးအေးနဲ့ ပရိယာယ်ကြွယ်တဲ့ကောင်၊ ငါ့သမီးကြီးကို ဖေဖေနှမြောတယ်'

'အခု အခြေအနေက သမီးတို့အားလုံး ဂူတစ်ဂူထဲမှာ ပိတ်မိနေကြတဲ့ အခြေအနေမျိုး ဖေဖေ ထွက်ပေါက်ကိုတော့ ရှာရမှာပဲ၊ အဲဒီ အတွက် သမီးကိုယ်သမီး စတေးသင့်ရင် စတေးရမှာပဲ။ စွန့်စားရ မှာပဲ။ ပိတ်မိခံလို့မဖြစ်ဘူးလေ။ အဓိကက ဖေဖေနဲ့မေမေ့ကို စိတ်မဆင်းရဲစေချင်ဘူး။ မောင်လေးကို လည်း ဒဏ်ရာအနာတရ မဖြစ်စေချင်ဘူး။ သူက ကျောက်ဆောင်ကြီးတစ်ခုဖြစ်နေရင် သူ့ကို ဖြိုခွင်း ပစ်ဖို့မဖြစ်နိုင်ဘူး…။ ဒါပေမယ့် သမီးက အဲဒီ ကျောက်ဆောင်ကို စိမ့်ပြီးဖောက်ထွက်စီးမယ့် 'ရေ'ဖြစ်ချင် တယ်

ဖေဖေ၊ သမီး သူ့ကိုလက်ထပ်မယ်ဆိုတာဟာ သူ့လက်ထဲမှာ ကိုယ့်ဘဝကို စတေးမြှုပ်နှံပစ်လိုက် ဖို့ မဟုတ်ဘူး။ သူ့ကိုအသုံးချပြီး သမီးဘဝရဲ့ လွတ်မြောက်လမ်းကို သမီးရှာမှာ၊ သမီးကို မစိုးရိမ်ပါနဲ့ ဖေဖေ၊ သမီး ကိုယ့်ဘဝကိုယ် တာဝန်ယူနိုင်ပါတယ်'

အဲဒီ တုန်းကတော့ ဖေဖေနဲ့မေမေ စိတ်မပူရလေအောင် စိတ်ကိုမောင်းတင်ပြီး စွတ်လွှင့်တင် ထားခဲ့မိတာ။ လေကစံကို ကစားပွဲတစ်ခုလို စိန်ခေါ်ခဲ့မိပြီးမှ သူမ မအောင်မြင်မှာ အရှုံးပေးလိုက်ရမှာ ကိုလည်း စိုးရိမ်စိတ်တွေ ရှိနေခဲ့သည်။

အဲဒီ ညက သူမ တကယ်ပဲ တစ်ရေးမှကို မအိပ်လိုက်ရတာ ပါ။ ဘာလုပ်ရမလဲ..ဆိုသော မေးခွန်းကိုပဲ ထပ်တလဲလဲ မေးကာအဖြေရှာနေခဲ့မိသည်။

ကျောင်းကဲန်တင်းဆီရောက်လာခဲ့သည်။ အတန်းမတက်ခင် သူငယ်ချင်းတွေ စုံစုံညီညီ ဆုံတွေ့နေကျ နေရာကလေး။

'ဟဲ့.. ဘာဖြစ်လာတာလဲ၊ ရုပ်ကိုက ပုပ်သိုးမှုန်ကုပ်နေတာပဲ'

'လူသတ်ချင်လာတာဟေ့၊ ဘဝက အဆင်မပြေဘူး၊ ငါ့ကို သုံးထောင်လောက်ရှာဖွေပေးကြ ပါလားဟယ်'

'ဟယ်..ဒါလေးများ၊ ဒီလောက်တင်းစရာလား၊ ရော့ ရော့ ငါ့ဆီကယူ၊ ပြန်မပေးနဲ့တော့'

သူငယ်ချင်းတွေဆီက ငါးထောင်တန်ကလေးတွေ အလုအယက်ထွက်လာကြတော့ သူမ မျက်ရည်ထွက်မတတ်ပင် ရယ်မောလိုက်မိလေသည်။ တင်းကြပ်နေတာတွေ နည်းနည်းတော့ ပြေလျော့သွားသား။

'ငါပြောတာ သိန်းသုံးထောင်တဲ့ ငတိမတွေရဲ့'

‘အမလေးတော်.. သိန်းသုံးထောင်ဘယ်ကရမှာတုံး၊ ငါ့ကိုသာ ခေါ်သွားလိုက်တော့’

‘သက်ထက်’က မျက်လုံးပြူးကလေးနှင့် ပြန်အော်တော့ သူမအရှိက်ကို တည့်တည့်မှန်သွားခဲ့ လေသည်။ ကိုယ့်အိမ်တွင်းရေးပြဿနာကို ဘယ်သူ့ကိုမှ ပြောမပြချင်သော်လည်း သူမမှာ ရင်ဖွင့်တိုင် တည်စရာဆိုလို့ ဒီသူငယ်ချင်းတွေပဲ ရှိပါသည်။

‘ခုအချိန်မှာ ငါလူတစ်ယောက်ကို အရမ်းမုန်းတီးတယ်၊ ခါးသီးတယ်၊ စက်ဆုပ်တယ်။ အထင် သေးတယ်၊ ခံပြင်းတယ်၊ ဒါပေမဲ့ အဲဒီ လူကို လက်ထပ်ဖို့ ငါဆုံးဖြတ်လိုက်ရပြီ’

‘ဟယ်..ဘယ်သူလဲ ဘယ်ကလဲ၊ ဆိုင်းမဆင့် ဗုံမဆင့်ပါလား နတ်သက်ကြွေရယ်၊ ဘာတွေဖြစ် ကုန်တာလဲ၊ နင့်မျက်နှာ ဒါကြောင့် အရမ်းတင်းနေတာကိုး..’

‘မိသားစုအရေးအခင်းပါဟာ။ ငါ အခု အလိုချင်အတောင့်တဆုံးကငါ့လက်ထဲမှာ သိန်းသုံး ထောင်ရှိချင်တာရယ်၊ ငါ့ရဲ့ဘေးမှာ ငါ့ကိုသိပ်ချစ်ခင်စုံမက်တဲ့ ချစ်သူတစ်ယောက်ရှိချင်တာရယ်ပဲ။ ဘာဖြစ်လို့များ ပထမနှစ်ကတည်းက ချစ်သူတစ်ယောက်လောက် မထားခဲ့မိလဲ မသိပါဘူးဟာ။ ဒီနှစ် နောက်ဆုံးပြီးရင် ငါ အဲဒီ လူကို လက်ထပ်ရမယ်။ တောက်.. ငါလေ သူ့ကို နည်းပရိယာယ်တစ်မျိုးမျိုး နဲ့ပြန်ပြီးတော့ လှည့်စားပစ်ချင်တယ်ဟာ။ သူ ငါ့ကို မရစေချင်ဘူး’

‘မိသားစုအတွင်းရေးဆိုတော့ ငါတို့လည်း သိပ်မမေးချင်ပါဘူး သက်ကြွေရယ်၊ ဒါပေမဲ့ နင့် အခက်အခဲကို အကြမ်းဖျင်းတော့ ရိပ်မိပါပြီ။ ငါတို့ ဘာလုပ်ပေးနိုင်မလဲဟင်။ ဘာလုပ်ပေးရမလဲ’

‘ခုလောလောဆယ်တော့ ငါ့ခေါင်းထဲ ဘာအကြံအစည်မှ

ထွက်မလာသေးဘူးဟာ၊ တကယ် စိတ်လေတယ်၊ ကဲ… ကဲ.. သွားကြမယ်ဟာ။ ဒီထဲမှာ ဆူညံတယ်၊ တစ်နေရာရာ အေးအေးဆေးဆေး သွားရအောင်'

သူမက စားပွဲပေါ်က ရွှန်းလဲ့သောက်လက်စ ကုတ်ခ်ဘူးကလေးကို ကောက်ယူလာခဲ့ရင်း လက် ထဲမှာ ခြေမွဆုတ်ဖျစ်နေမိသည်။ လေးယောက်သား ယှဉ်လျက် လမ်းလျှောက်လာခဲ့ကြသည်။

'နတ်သက်ကြွေ.. ကိုယ်မုန်းတဲ့လူတစ်ယောက်ကို လက်ထပ်လို့ ရပ့ါမလားဟယ်၊ တခြားနည်း လမ်းမရှိတော့ဘူးလားလို့'

'သြော်.. သူက ငါ့ကိုလိုချင်တာတဲ့ဟေ့၊ မိန်းမတွေ ဒီလောက်ပေါတဲ့ ခေတ်ကြီးထဲမှာ သူ့လို လူစားမျိုးကလည်းရှိသေးတယ်၊ တောက်.. စိတ်လေတယ်၊ ငါကလည်း သူ့ဘာသာသူ ဘယ်လောက်ပဲ ချမ်းသာ ချမ်းသာ တစ်စက်ကလေးမှကို စိတ်မဝင်စားဘူး၊ အမြင်ကပ်လွန်းတယ်၊ ပိုက်ဆံရှိရင် ဘာ မဆိုဖြစ်တယ်ဆိုတဲ့ လူတန်းစားမျိုးကို ငါက ပညာလှလှပေးချင်တာဟေ့၊ အခုတော့ အကြွေးနဲ့သိမ်းခံရ မယ့်ဘဝကနေ ထွက်ပေါက်ရှာမတွေ့သေးဘူး၊ နင်တို့ ကြားဖူးကြရဲ့လားဟင်၊ ငါ့လိုအဖြစ်မျိုး ရုပ်ရှင်ထဲ မှာပဲ မြင်ဖူးခဲ့တာပါဟယ်'

ပြောရင်း စိတ်က လောင်ကျွမ်းလာပြန်တာမို့ လက်ထဲက ကုတ်ခ်ပူးကလေးကို ရှုံ့တွတွန့်လိမ် နေအောင် ခြေမွပစ်လိုက်မိသည်။

အဲဒီ အချိန်မှာပဲ တစ်စုံတစ်ယောက်က နောက်ကနေ တွန်းတိုက်ဖြတ်ကျော်သွားခဲခြင်းဖြစ် သည်။

'ဘာလဲဟ.. လေးယောက်ပူးကြီး ပိတ်လျှောက်နေရလား'

ထိုသူက ရိုးရိုးဖြတ်လျှောက်သွားခြင်းမဟုတ်။ စကိတ်ဘုတ်ပြားသေးသေးလေးပေါ် စီးနင်းထား ရင်း အရှိန်ဖြင့် သူမတို့ကြားကနေ ဖြတ်ကျော်သွားခဲ့ခြင်းဖြစ်သည်။ ဒေါသကထောင်းခနဲထကာ ထိုသူ့ အပေါ် စုပြုံကျသွားခဲ့တော့သည်။ ခုချိန်မှာ ဘယ်သူ့ကိုမဆို ပြဿနာရှာချင်နေတာ၊

ရန်ဖြစ်ချင်နေတာ မှလား။

'အောင်မယ်.. ကျောင်းထဲမှာ စကိတ်ဘုတ်လည်း လာစီးနေသေးတယ်။ စွာလည်း စွာသွား သေးတယ်။ တွေ့ကြသေးတာပေါ့ဟယ်.. ကဲ'

သူမက လက်ထဲမှ ကုတ်ခ်ဘူးကလေးကို ချိန်ဆလိုက်ပြီး ခပ်လှမ်းလှမ်းရောက်သွားပြီဖြစ်သော စကိတ်ဘုတ်ကလေးတလျှောလျှောဖြင့် အများတကာလို လမ်းမလျှောက်ဘဲ ဇိမ်ကျနေသော ထိုသူ၏ ကျောပြင်တည့်တည့်ဆီ ပစ်ပေါက်လိုက်လေသည်။

သူမ အလွန်လက်တည့်လွန်းပါသည်။ ကုတ်(ခ်)ဗူးခွံက သူ့ကျောပြင်တည့်တည့်ကိုထိမှန်ကာ အားခနဲ အလန့်တကြားအော်သံကြီး ထွက်ပေါ်လာသည်။ ထို့နောက် သူက ချာနဲပြန်လှည့်လိုက်ကာ သူမတို့ရှိရာဆီသို့ စကိတ်ဖြင့်ပြန်စီးလာသည်။

သူမက ခါးထောက်ကာ မထီတရီမျက်နှာပေးဖြင့် စိန်ခေါ်သလို ပြန်ကြည့်နေလိုက်၏ ။ ပုံစံက တော့ အလန်းစားထဲကပါပဲ။ ဇော့ဖ်လေးတွေ ဖွာလန်ထနေသော ဆံပင်ဖွာဖွာတွေက တလွင့်လွင့်။

မျက်လုံးတွေက သိန်းငှက်မျက်လုံးတွေလို စူးရဲနက်ပြောင်နေသည်။ ကုတ်အကျႌအနက် ကိုယ် ကြပ်ကြပ်နှင့် ဘောင်းဘီကလည်း ခပ်ကြပ်ကြပ်။ သူ့ပုံစံက One Direction ထဲက Harry စတိုင်လ်မျိုး။
ကြည့်လို့တော့အကောင်းသားပင်။

'ဘယ်သူလဲကွ.. ငါ့ကျောကို သံဗူးနဲ့ပေါက်တာ'

'ငါပဲလေ'

'ဩ... မင်းက သိပ်သတ္တိရှိတယ်ပေါ့၊ သိပ်စွာတယ်ပေါ့... ဟုတ်လား၊ မင်း သတ္တိရှိရင် ငါ့ကို စိန် ခေါ်ရဲလား။ နှစ်ယောက်တည်း နပန်းဖက်လုံးရဲလား'

‘ဘာပြောတယ်..’

သူ့စကားကြောင့် သူမ ဆွေ့ဆွေ့ခုန်သွားပါသည်။

‘မိန်းမတန်မဲ့ သိပ်စွာမနေနဲ့၊ သတ္တိရှိရင် အချိန်မရွေး နေရာမရွေးဘူးနော်၊ နောက်ကနေတော့ ခိုးကြောင်ခိုးဝှက်လှမ်းမပေါက်နဲ့၊ သတ္တိရှိရင် မျက်နှာချင်းဆိုင်ပြီးလုပ်’

‘ဟယ် ကြည့်စမ်း ကြည့်စမ်း၊ ယောကျာ်းတန်မဲ့ စွာနေလိုက်တာ၊ နင်ကရော သိပ်သတ္တိရှိတယ် ပေါ့လေ ဟုတ်လား၊ မိန်းကလေးနဲ့ဖက်ပြီး ရန်ဖြစ်ရဲတာ ဂုဏ်ယူစရာလားလဲ့’

‘မိန်းကလေးကရော မိန်းကလေးလို နေလို့လား၊ မိန်းကလေးဖြစ်တာနဲ့ပဲ နင်လုပ်သမျှ ငါက ငုံ့ခံ လိုက်ရတော့မှာလား၊ ကြိုက်တဲ့လူ ခေါ်လာခဲ့လို့ရတယ် ဟော့ကောင်၊ ငါ လူမရွေးဘူး’

တစ်ခွန်းမခံ ဆတ်ဆတ်ထိမခံ ပြန်စွာနေသော ရုပ်ကလေးနှင့်ပင် မလိုက်ဖက်အောင် အမြင် ကတ်စရာကောင်းလွန်းသော ထိုကောင်လေးကို စူးစူးရဲရဲကြီးစိုက်ကြည့်မိသည်။

သူကလည်း လုံးဝမခေ။ မိုက်တိမိုက်ကန်း ပြန်ကြည့်နေလေသည်။ ဘေးက သူငယ်ချင်းတွေက သူမကို ဇွတ်အတင်း ဆွဲခေါ်နေကြသည်။

‘လာပါ.. သက်ကြွေရယ်၊ ရန်မဖြစ်စမ်းပါနဲ့၊ ကျောင်းသူကျောင်းသားအချင်းချင်းကို’

‘တောက်..မိန်းကလေးမို့ ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်မယ်၊ နောက်တစ်ခါဆိုရင်တော့ မင်း မလွယ်ဘူးမှတ်’

သူက အနိုင်ပိုင်းကာ ပြောသွားရင်း စကိတ်ဘုတ်ကို နောက်ပြန်စီးသွားလိုက်သေးကာ သူမကို သူ စောင့်ကြည့်နေတယ်ဟူသော

အထာမျိုးနှင့် လက်ညှိုးလက်ခလယ်ဖြင့် သူ့မျက်လုံးနှစ်လုံးဆီ အရင် ထိုးပြပြီး သူမဘက်သို့ ပြန်ထိုးပြလေသည်။

သူမက မခံမရပ်နိုင်စွာဖြင့် 'နားဘန်ကျင်းပစ်မယ်'ဟူသော ပုံစံမျိုးနှင့် လက်ဖဝါးကို ဟိုဘက်ဒီ ဘက် လွှဲရိုက်ပြလိုက်သည်။ သူက လက်သီးပြန်ထောင်ပြီး သူမကို ပြန်လှည့်မကြည့်တော့ဘဲ လူတွေ ကြားထဲ တိုးဝင်ပျောက်ကွယ်သွားတော့သည်။

*